## ကြို့ကျောင်းမင်ဆေး

Scientific name - *Euphorbia hirta* L.

Common name - Garden spurge

Family - Euphorbiaceae

  

အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံပင်ပျော့မျိုးဖြစ်ပြီး မြေမျက်နှာပြင်အနီးကပ်၍သော်လည်းကောင်း၊ အထက်သို့ ထောင်မတ်၍သော်လည်းကောင်း ပေါက်သည်။ အနည်းငယ်ကိုင်းဖြာပြီး ၁၅ မှ ၅၀ စင်တီမီတာအထိ မြင့်သည်။ ပင်စည်သည် အနီရောင် သို့မဟုတ် ခရမ်းရောင်ရှိ၍ အဝါရောင်အမွေးများပါရှိပြီး နို့နှစ်ရောင်အစေးများထွက်သည်။ သက်တမ်းတိုပေါင်းမျိုးဖြစ်၍ တစ်နှစ်ပတ်လုံးပန်းပွင့်ပြီး တစ်လအတွင်း အသီးဖြစ်ပေါ်သည်။ ရွက်ဆိုင်ထွက်ပြီး လုံ့စွပ်ပုံ သို့မဟုတ် ငှက်တောင်ပုံရှိသည်။ ပန်းခိုင်သည် ကြားထွက်ပန်းခိုင်ဖြစ်ပြီး အစိမ်းရောင် သို့မဟုတ် ပန်းရောင်ရှိသည့် အပွင့်ငယ်ကလေး မြောက်မြားစွာ ဖြင့်ဖွဲ့စည်းထားသည်။ အသီးသည် အဝါရောင်အမွေးရှိ အကန့်သုံးခုပါအက်ကွဲသီးဖြစ်ပြီး အစေ့သုံးစေ့ ပါသည်။ အစေ့သည် အလွန်သေးငယ်ပြီး နီညိုရောင်ရှိသည်။ အစေ့အားဖြင့် မျိုးပွားသည်။